# မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ်ပြည်သူလူထု၏ ယုံကြည်အားကိုးမှု - သက်ရောက်လွှမ်းမိုးမှုရှိနေသည့် အကြောင်းရင်းများကို လေ့လာဖော်ထုတ်ခြင်း

သူရအောင် နှင့် ဝင်းဝင်းမေ
ရဒ်ကာအန်တလီကိုဗာ (Ph.D) မှ တည်းဖြတ်သည်။



FRIEDRICH EBERT STIFTUNG

PLRI
Peace Leadership & Research Institute

# အကျဉ်းချုပ်

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ရဲတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို သက်ရောက်နေသည့် အကြောင်းရင်းများကို သုတေသနပြုကာလေ့လာမှုများ အများအပြားရှိပြီး ဖြစ်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ အလားတူသုတေသနပြုလုပ်မှုများ အတော်ရှားပါးနေသေးသည်။ မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် ဤကဲ့သို့သော အကြောင်းအရာကို လေ့လာဖော်ထုတ်ခြင်းသည် ပထမဦးဆုံးသော လေ့လာမှုပင်ဖြစ်သည်။ အထူးသဖြင့် ဤလေ့လာမှုသည် မြန်မာနိုင်ငံ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ကျေးလက်နှင့် မြို့ပြဧရိယာနှစ်ခုစလုံးတွင် စစ်တမ်းအချက်အလက်များ (နမူနာအရွယ်အစား=၄၀၁) ကောက်ယူခြင်းဖြင့် ရဲတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထု၏ယုံကြည်အားကိုးမှုကို သက်ရောက်နေသည့်အကြောင်းရင်းများကို လေ့လာဖော်ထုတ်ပြီး ရဲတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုအခြေအနေကိုတိုင်းတာခြင်းဖြစ်သည်။ ယခုလေ့လာမှုသည် ပဋိပက္ခသီအိုရီကို လမ်းညွှန်သီအိုရီပိုင်းဆိုင်ရာအထောက်အပံ့အဖြစ် အသုံးပြုကာ ကျေးလက်နှင့် မြို့ပြဧရိယာနှစ်ခုစလုံးရှိ ဗမာလူမျိုးစု နှင့် ဗမာလူမျိုးစုမဟုတ်သောပြည်သူများ၏ ရဲတပ်ဖွဲ့ဝင်များအပေါ်ထားရှိသော ယုံကြည်အားကိုးမှုအခြေအနေ အမျိုးမျိုးကို လေ့လာဆန်းစစ်ခဲ့သည်။ လေ့လာတွေ့ရှိချက်များအရ မြို့ပြဧရိယာတွင် နေထိုင်သော ပြည်သူလူထုအနေဖြင့် ရဲတပ်ဖွဲ့ဝင်များအပေါ် ယုံကြည်အားကိုးမှုသည် ကျေးလက်ဒေသရှိ ပြည်သူလူထုထက် လျော့နည်းသည့်အခြေအနေရှိပြီး ဗမာလူမျိုးစု နှင့် ဗမာလူမျိုးစုမဟုတ်သော ပြည်သူလူထုကြားတွင်မူ ကွဲပြားခြားနားမှုမရှိကြောင်း တွေ့ရှိခဲ့သည်။ ထို့အပြင် ယေဘုယျအားဖြင့် မြန်မာပြည်သူလူထု၏ ရဲတပ်ဖွဲ့ဝင်များအပေါ်တွင်ရှိသော သဘောထားသည် ရဲတပ်ဖွဲ့ဝင်များထံမှအကူအညီရယူနိုင်ခြင်း အပေါ်မူတည်ပြီး အဓိကအားဖြင့် သက်ရောက်ခံရမှုရှိသည်။

# ကျေးဇူးတင်လွှာ

ဤသုတေသနအစီရင်ခံကို သပြေပညာရေးဖောင်ဒေးရှင်း လက်အောက်ရှိ ငြိမ်းချမ်းရေးခေါင်းဆောင်မှု နှင့် သုတေသန အင်စတီကျူ့ (PLRI) မှ အဓိကကူညီပံ့ပိုးပေးထားခြင်းဖြစ်ပါသည်။ စာရေးသူများအနေဖြင့် ဤသုတေသန စီမံကိန်း အောင်မြင်စွာ ပြီးမြောက်နိုင်ရန် အားပေးကူညီပံ့ပိုးပေးခဲ့ကြသော ဆရာစောမျိုးမင်းသူ နှင့် ဆရာမဇင်မာဦးတို့ကို ကျေးဇူးတင်ရှိပါသည်။ ဖယ်ဒရယ်နိုင်ငံများဖိုရမ် (FoF)၊ ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေ (JPF) နှင့် ဂျာမနီနိုင်ငံဖောင်ဒေးရှင်း တစ်ခုဖြစ်သည့် Friedrich-Ebert-Stiftung (FES) တို့မှ ထပ်တိုးရံပုံငွေများနှင့် ပါဝင်ကူညီပံ့ပိုးပေးခဲ့ပါသည်။ နောက်ဆုံးအနေဖြင့် စာရေးသူများသည် ဤအစီရင်ခံစာတွင် သုံးသပ်လေ့လာသည့် မေးခွန်းလွှာများကို ဖြည့်စွက်ပေးသည့်အပြင် လိုက်လံကောက်ယူရာတွင် ပါဝင်ခဲ့ကြသူများနှင့် အဓိကချိတ်ဆက်သူများကိုလည်း ကျေးဇူးတင်ရှိပါသည်။ သုတေသနပြုလုပ်သည့် တစ်လျှောက်လုံးတွင်လည်း စာရေးသူများသည် နည်းပြဆရာ James MacMillan နှင့် သုတေသနနည်းပြဆရာမ Radka Antalíková တို့ထံမှလည်း စာမူအတွက် အလွန်အကူအညီဖြစ်သော မှတ်ချက်များ လက်ခံရရှိခဲ့ပါသည်။ အထူးသဖြင့် သုတေသနစီမံကိန်း တစ်ခုလုံးတွင် အကြံဉာဏ်နှင့် စိတ်ဓာတ်ခွန်အားများပေးခဲ့သည့် ဆရာမ Radka ကို ကျေးဇူးတင်ရှိကြောင်း ပြောလိုပါသည်။

# နိဒါန်း

ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ ယုံကြည်အားကိုး
မှုသည် ၎င်းတို့ကိုတရားဝင်အသိအမှတ်ပြုခံရရန်အလို့ငှာ
အရေးကြီးပါသည်။ Goldsmith (၂၀၀၅) သည် ပြည်သူလူထု
အနေဖြင့် ရဲတပ်ဖွဲ့ဝင်များကို ယုံကြည်အားကိုးထိုက်သူများအဖြစ်
အသိအမှတ်ပြုပြီး ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည်
ရဲတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို အထောက်အကူ
ဖြစ်စေကြောင်း ထောက်ခံပြောဆိုခဲ့သည်။ Tyler နှင့် Fagan
(၂၀၀၈) တို့၏ပြောဆိုချက်အရ ပြည်သူလူထု၏ ရဲတပ်ဖွဲ့ဝင်များ
အပေါ် ယုံကြည်အားကိုးမှုသည် တရားရေးစနစ်မျှတမှုနှင့်
ရဲများ၏လုပ်ငန်းစွမ်းဆောင်ရည်ကို တိုင်းတာသည့် အရေး
ပါသောအရာတစ်ခုအဖြစ် ကျယ်ပြန့်စွာ တွေ့ရှိနိုင်သည်။
အမှန်အားဖြင့် ရဲတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထု၏ယုံကြည်
အားကိုးမှုကို ပံ့ဖော်ပေးနေသည့် အကြောင်းရင်းများနှင့်
စပ်လျဉ်းပြီး လေ့လာမှုအများအပြား ပြုလုပ်ပြီးဖြစ်သည်။
အချို့သောလေ့လာမှုများသည် ရဲများအပေါ် ယုံကြည်မှုနှင့်
သံသယရှိခြင်းကို ဖြစ်စေသည့် အကြောင်းရင်းကို ရှင်းပြဖြေရှင်းရန်
လုပ်ငန်းစွမ်းဆောင်ရည်သီအိုရီကို အသုံးပြုခဲ့ကြသည်
(Bouckaert၊ Van de Walle၊ Maddens နှင့် Kampen၊ ၂၀၀၂)။
အဓိကအားဖြင့် နိုင်ငံသားများသည် အရည်အသွေးကောင်းမွန်သည့်
ရဲဝန်ဆောင်မှု (လုပ်ငန်းစွမ်းဆောင်ရည်အားကောင်းခြင်း) ရရှိပါက
အပြုသဘောဆောင်သည့် သုံးသပ်ချက်တစ်ရပ် ဖြစ်ပေါ်လာမည်
ဖြစ်သည်။ အလားတူပင် နိုင်ငံသားများသည် အရည်အသွေး
နိမ့်သည့် ဝန်ဆောင်မှုမျိုး (လုပ်ငန်းစွမ်းဆောင်ရည်အားနည်းခြင်း)
ရရှိပါက အပျက်သဘောဆောင်သည့် သုံးသပ်ချက်ထွက်ပေါ်မည်
ဖြစ်သည်။ သာဓကအားဖြင့် Shoyode (၂၀၁၈)သည်
နိုင်ဂျီးရီးယားရှိ ကျေးလက်ဒေသနှင့်မြို့ပြဧရိယာများတွင် နေထိုင်
သူများကို နမူနာကောက်ယူကာ ရဲတပ်ဖွဲ့ဝင်များနှင့်လက်လှမ်းမီ
ခြင်းသည် ပြည်သူလူထု၏ယုံကြည်အားကိုးမှုအပေါ် သက်ရောက်မှု
ရှိသည့်အကြောင်းကို သုတေသနပြုလေ့လာခဲ့သည်။ ရဲစခန်းတစ်
ခုနှင့်အလွယ်တကူချိတ်ဆက်နိုင်ခြင်းသည် ရဲတပ်ဖွဲ့ဝင်များအပေါ်
ထားရှိသည့် ပြည်သူလူထု၏ယုံကြည်အားကိုးမှုကို ဖြစ်ပေါ်စေသည့်
အရေးပါသောအကြောင်းရင်းများထဲမှတစ်ခုဖြစ်ကြောင်းနှင့်
၎င်းရဲစခန်းတွင် ရဲအရာရှိ ရဲတပ်ဖွဲ့ဝင်များ ရှိနေခြင်းသည်
ယုံကြည်အားကိုးမှုအပေါ် အပြုသဘောသက်ရောက်မှုရှိပြီး
ရဲများထံမှအကူအညီမရရှိခြင်းသည် ပြည်သူလူထု၏
ယုံကြည်မှုလျော့ပါးစေသည်ကို လေ့လာတွေ့ရှိခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထု၏ယုံကြည်အားကိုးမှုကို
အဆုံးအဖြတ်ပေးသောအရာများကို လေ့လာရာတွင် ပဋိပက္ခ
သီအိုရီသည် လုပ်ငန်းစွမ်းဆောင်ရည်သီအိုရီနှင့်မတူဘဲ
လူတန်းစားအလွှာအသီးသီးကြားရှိ ရှုန်းကန်ကြိုးပမ်းရမှုကို
မီးမောင်းထိုးပြထားသည်။ အကယ်စင်စစ် ရာဇဝတ်မှုများနှင့်
တရားစွဲဆိုခံထားရပြီး ဖမ်းဆီးခံရသောသူများသည်
များသောအားဖြင့် လူမှုစီးပွားရေးအဆင့်အတန်းနိမ့်ပါးသော
အခြေအနေရှိသူများ (ဝင်ငွေနည်းခြင်း သို့မဟုတ်
အလုပ်မရှိခြင်း) ဖြစ်ပြီး ချမ်းသာကြွယ်ဝသည့်သူများကို
ရဲများက အကာအကွယ်ပေးလေ့ရှိကြောင်း ပဋိပက္ခသီအိုရီက
ထောက်ပြပြောဆိုထားပြီးဖြစ်သည် (Boateng၊ ၂၀၀၅)။
ထို့ကြောင့် လူမှုစီးပွားရေးအဆင့်အတန်းမြင့်သူများသည်
ရဲတပ်ဖွဲ့ဝင်များနှင့်ပတ်သက်လျှင် ပိုမိုကျေနပ်အားရမှုရှိပြီး
လူမှုစီးပွားရေးအခြေအနေနိမ့်ကျသောသူများနှင့် ဘေးဖယ်
ခံထားရသည့် အုပ်စုများသည် ရဲတပ်ဖွဲ့ဝင်များအပေါ် အပျက်
သဘောဆောင်သည့် သဘောထားအမြင်များ ရှိကြသည်
(Wu နှင့် Sun၊ ၂၀၀၉)။ ဤအကြောင်းအရာနှင့်စပ်လျဉ်းပြီး
ယခင်ပြုလုပ်ခဲ့ပြီးသော သုတေသနတွင် တွေ့ရှိချက်အရ
အမေရိကန်ပြည်ထောင်စု၌နေထိုင်သော တိုင်းရင်းသားလူမျိုးစုများ
ကြားတွင် ရဲတပ်ဖွဲ့ဝင်များအပေါ်ထားရှိသော သဘောထားအမြင်
များမတူညီသည့်အကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်သည်။ အထူးသဖြင့်
လူနည်းစုဝင်များဖြစ်သော လက်တင်အမေရိကနိုင်ငံသားများနှင့်
အာဖရိကန်အမေရိကန် နိုင်ငံသားများသည် လူများစုဖြစ်သည့်
လူဖြူများထက် ရဲများအပေါ်တွင် ယုံကြည်အားကိုးမှုနည်းပါး
ကြောင်းကို ဖော်ပြခဲ့သည် (Tyler၊ ၂၀၀၅)။

## ယခုလေ့လာမှုအကြောင်း

ရဲတပ်ဖွဲ့ဝင်များ၏သဘောထားအမြင်အကြောင်း လေ့လာမှု
နယ်ပယ်တွင် ဖွံ့ဖြိုးလာမှုများနှင့်အညီ ယခုလေ့လာမှုသည်
မြန်မာနိုင်ငံရှိ အရပ်သားများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား
ယုံကြည်အားကိုးလောက်ဖွယ်ဆက်ဆံရေးတစ်ရပ် အားပေး
မြှင့်တင်ပေးနိုင်ရန်အလို့ငှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ်
ပြည်သူလူထု၏ယုံကြည်အားကိုးမှု အခြေအနေနှင့်
ဆက်စပ်လွှမ်းမိုးနေသည့် အကြောင်းရင်းများကို လေ့လာ
ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့(MPF) သည်
မြန်မာ့တပ်မတော်လက်အောက်ရှိ ရာထူးဂုဏ်သိမ်အဆင့်ဆင့်
ဝါစဉ်အလိုက်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၂၀၁၁
ခုနှစ်တွင် MPF သည် ခရိုင်ပေါင်း ၇၃ ခရိုင်၊ မြို့နယ်ပေါင်း ၃၃၀
မြို့နယ်၊ ရဲစခန်းပေါင်း ၁,၂၅၆ စခန်း၊ အဖွဲ့ဝင်ပေါင်း ၈၀,၀၀၀
ဝန်းကျင်ရှိသည် (Selth၊ ၂၀၁၃)။ တိုင်းရင်းသားလက်နက်ကိုင်
အဖွဲ့အများစုသည် ရဲဘက်ဆိုင်ရာအုပ်ချုပ်ရေးဗဟိုဌာနများ
လက်ခံထားရှိရန်ငြင်းပယ်ကာ ပြည်သူ့စစ် (paramilitary) များနှင့်
တပ်မတော်ကို အားကိုးအားထားပြု၍ ရာဇဝတ်မှုကျူးလွန်
သူများကို အနီးဆုံးရဲစခန်းသို့ပို့ရန်လိုလားသော်လည်း
နိုင်ငံအဝှမ်းတွင် ရဲတပ်ဖွဲ့များကို ဖြန့်ကြက်နေရာချထားမှုသည်
နှစ်ပေါင်းများစွာကြာမြင့်လာသည်နှင့်အမျှ အပစ်အခတ်ရပ်စဲ
ထားသည့်နေရာ နှင့် တိုက်ပွဲဒဏ်ခံရသည့်ဧရိယာများအပါအဝင်
ပိုမိုဝေးလံသောနေရာများထိပင် ရဲစခန်းများ တိုးချဲ့နေရာချထား
လာသည့်အတွက် ပိုမိုညီညွတ်မျှတမှုရှိလာသည် (Selth၊
၂၀၁၃)။ တစ်ချိန်တည်းမှာပင် နိုင်ငံတွင်းလုံခြုံရေးဆိုင်ရာ
စိန်ခေါ်ချက်များတွင် MPF ၏ အခန်းကဏ္ဍသည် ယခင်
တပ်မတော်က အဓိကကိုင်တွယ်ဖြေရှင်းခဲ့သော အများပြည်သူ
ဆန္ဒပြပွဲများကဲ့သို့သော ကိစ္စရပ်များအထိ တိုးချဲ့လာ

ခဲ့ပြီး တိုက်ပွဲအတွက်အဆင်သင့်ဖြစ်နေသော ၎င်း၏ တပ်ရင်းအရေအတွက်လည်း များပြားလာသည် (Selth ၊ ၂၀၁၃) ။ ထို့အပြင် ၂၀၁၁ ခုနှစ်မှစတင်ပြီး နိုင်ငံတကာအသိုင်းအဝိုင်း၏ ကူညီပေးမှုဖြင့် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည် (မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ၂၀၁၄) ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ် ပြည်သူလူထု၏ယုံကြည်အားကိုးမှုကို ပုံဖော်သွင်းနေသည့်အကြောင်းရင်းများကို ဆန်းစစ်ဖော်ထုတ်သည့် လေ့လာမှုမျိုးတစ်ခုမှမရှိသေးသောကြောင့် ယခုလေ့လာမှုသည် မြန်မာနိုင်ငံအနေအထားနှင့် ပတ်သက်သော ယခင်လေ့လာမှုများမှ တွေ့ရှိချက်များကို ဆက်စပ်ပြီးတိုးချဲ့ကာ ထိုအကြောင်းရင်းများကို ဖော်ထုတ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ပထမဦးဆုံးအနေဖြင့် ပဋိပက္ခသီအိုရီအပေါ် အခြေခံတည်ဆောက်ပြီး ယခုလေ့လာမှုသည် တိုင်းရင်းသားလူနည်းစုအဖွဲ့များမှ ပါဝင်ဖြေဆိုသူများသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့(MPF) အပေါ် ယုံကြည်အားကိုးမှုသည် တိုင်းရင်းသားလူများစုအဖွဲ့များမှ ပါဝင်ဖြေဆိုသူများထက် လျော့နည်းလိမ့်မည်ဟု အဆိုကြမ်းပြုသည်။ ဤအဆိုကြမ်းသည်လည်း ဖြစ်ပေါ်လာခြင်းမှာ သမိုင်းကြောင်းအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့(MPF) သည် ဗမာလူမျိုးအများစုဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး ဗမာလူမျိုးဗဟိုပြုအယူဝါဒ ဖြစ်နေသောကြောင့် ဗုဒ္ဓဘာသာမဟုတ်၊ ဗမာလူမျိုးမဟုတ်သော ဝန်ထမ်းများအနေဖြင့် ရာထူးတိုးရန်မှာ စနစ်ကျစွာ ကန့်သတ်ခံထားရခြင်းဖြစ်သည် (မောင်အောင်မျိုး၊ ၂၀၀၉) ။ ဒုတိယအချက်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့(MPF) ထံမှအလွယ်တကူအကူအညီမရရှိသော ပါဝင်ဖြေဆိုသူများ၏ ရဲများအပေါ် ယုံကြည်အားကိုးမှုအခြေအနေသည် အလွယ်တကူ ကူညီပေးနိုင်သောသူများထက် လျော့နည်းလိမ့်မည်ဟု မျှော်မှန်းထားသည်။ ဤအဆိုကြမ်းမှာ လုပ်ငန်းစွမ်းဆောင်ရည်ကောင်းသောရဲများ - ယခုကိစ္စရပ်တွင် ရဲများထံမှအလွယ်တကူအကူအညီရနိုင်ခြင်းသည် - ၎င်းတို့ တာဝန်ထမ်းဆောင်နေသည့် ရပ်ရွာလူထု၏ ယုံကြည်အားကိုးမှုကို ရရှိလိမ့်မည်ဟူသည့် လုပ်ငန်းစွမ်းဆောင်ရည်သီအိုရီကို အခြေခံထားခြင်းဖြစ်သည်။ နောက်ဆုံးအချက်အနေဖြင့် မြို့ပြနေပြည်သူလူထု၏ ရဲများအပေါ်ယုံကြည်အားကိုးမှုသည် ကျေးလက်နေပြည်သူများထက် လျော့နည်းကြောင်းကို ထိုင်ဝမ်နိုင်ငံတွင် ပြုလုပ်ခဲ့သော လေ့လာမှုတစ်ခုကိုမှီငြမ်းပြုကာ (Wang နှင့် Sun ၊ ၂၀၁၈) ဤလေ့လာမှု၏ တတိယအဆိုကြမ်းသည် မြန်မာနိုင်ငံ၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့ပြနှင့် ကျေးလက်နေပြည်သူလူထုအကြား ယုံကြည်အားကိုးမှုအခြေအနေအမျိုးမျိုးကို စမ်းသပ်စစ်ဆေးလေ့လာမည်ဖြစ်သည်။

# သုတေသနနည်းလမ်း

ဤလေ့လာမှုတွင် ဖြေဆိုသူဦးရေအရေအတွက်နမူနာအရွယ်အစား အများအပြားမှ ခြုံငုံ၍ကောက်ချက်ချနိုင်သောရလဒ်များ ရရှိရန် ရည်ရွယ်ထားသောကြောင့် အထူးသဖြင့် စစ်တမ်းမေးခွန်းလွှာများ အသုံးပြုသော အရေအတွက်အဓိကထားသည့်နည်းစနစ်ကို အသုံးပြုခဲ့သည်။ စစ်တမ်းမေးခွန်းလွှာတွင် မေးခွန်း ၁၂ခုပါဝင်ပြီး နောက်ဆုံး အဖွင့်မေးခွန်းမှလွဲပြီး အများစုမှာ ဟုတ်သည် - မဟုတ်ပါ သို့မဟုတ် Likert စကေး ၁ (လုံးဝမယုံကြည်ပါ) မှ ၅ (လုံးဝယုံကြည်သည်) ရွေးချယ်ခြင်းပြုလုပ်ရသည့် အပိတ်မေးခွန်းပုံစံများဖြစ်သည်။ ပထမဆုံးအနေဖြင့် ဖြေဆိုသူများကို MPF ၏ တရားမျှတမှု (ဥပမာ - MPF သည် ကိုယ်ရေးကိုယ်တာ ဘက်လိုက်မှုအပေါ် အခြေမခံဘဲ တရားဥပဒေပေါ်တွင်သာအခြေခံပြီး ဆုံးဖြတ်ချက်များချသည်ဟု သင့်အနေဖြင့် MPF အပေါ်မည်မျှယုံကြည်မှုရှိသနည်း။)၊ ထိရောက်မှု နှင့် ပွင့်လင်းမြင်သာမှုအပေါ်တွင် ယုံကြည်မှု အခြေအနေအကြောင်း မေးမြန်းခဲ့ပါသည်။ ဆက်လက်ပြီး ဖြေဆိုသူများ၏ အချို့သောလူဦးရေဆိုင်ရာ သတင်းအချက်အလက်များသာမက ရဲများနှင့်ပတ်သက်သော ယခင်အတွေ့အကြုံများကို စစ်တမ်းကောက်မေးမြန်းခဲ့ပါသည်။ မေးခွန်းများကို တရားမျှတမှု (Tyler၊ ၂၀၁၄)၊ ယုံကြည်အားကိုးမှု (Clark et al၊ ၂၀၁၇၊ Jackson နှင့် Bradford၊ ၂၀၁၀)၊ ချိတ်ဆက်ရလွယ်ကူမှု (Shoyode၊ ၂၀၁၈) နှင့် ပြည်သူလူထုနှင့်ရဲကြား ဆက်သွယ်မှု (Worden နှင့် McLean၊ ၂၀၁၇) တို့အကြောင်း ယခင်စာအုပ်စာတမ်းများကို အခြေခံပြီး မေးခွန်းထုတ်ထားခြင်းဖြစ်သည်။ မေးခွန်းများကို အင်္ဂလိပ်ဘာသာဖြင့် အရင်ဆုံးဖန်တီးခဲ့ပြီးနောက် မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။ စစ်တမ်းမေးခွန်းလွှာကို အချောသတ်ပြီးနောက် ဒေသအခြေအနေနှင့် ကိုက်ညီမှုရှိစေရန် ရှေ့ပြေးစမ်းသပ်လေ့လာမှုတစ်ခု ပြုလုပ်ကာ စစ်ဆေးခဲ့သည်။ ရှေ့ပြေးစမ်းသပ် လေ့လာမှုအပေါ်အခြေခံပြီး အချို့သော မြန်မာစကားလုံးများကို ပြောင်းလဲအသုံးပြုခြင်း၊ ဖြေဆိုရမည့်စကေး ချိန်ညှိခြင်း နှင့် ခွင့်ပြုချက်ယူသည့်ပုံစံကို ပြန်ပြင်ရေးသားကာ စစ်တမ်းကိုပြင်ဆင်ခဲ့သည်။

## နမူနာ၊ နမူနာကောက်ယူခြင်း နှင့် လုပ်ငန်းအစီအစဉ်

နမူနာတွင် စုစုပေါင်း ဖြေဆိုသူ ၄၀၁ ဦးပါဝင်ပြီး မြို့ပြနှင့် ကျေးလက်၊ ဗမာလူမျိုးစု နှင့် ဗမာလူမျိုးစုမဟုတ်သောအုပ်စု ဟူ၍ ၄အုပ်စုခွဲခဲ့သည်။ ဤလေ့လာမှုသည် အုပ်စုခွဲတစ်ခုစီမှ ဖြေဆိုသူအရေအတွက်တူညီစွာရွေးချယ်ပြီး အချိုးကျ နမူနာကောက်ယူသောနည်းစနစ် (quota sampling) ဖြစ်သည့် ဖြစ်တန်စွမ်းနည်း နမူနာကောက်ယူနည်း (non-probability sampling) ကို အသုံးပြုခဲ့သည်။ ထို့အပြင် ဤလေ့လာမှုတွင် ကျေးလက်ဒေသရှိ အဖွဲ့အစည်းများနှင့် ရပ်ရွာလူထု ခေါင်းဆောင်များကို ဆက်သွယ်ခြင်းသာမက ဖြေဆိုသူများ၏ နေအိမ်များသို့ သွားရောက်ကာ လူစုဆောင်းရွေးချယ်ခြင်းဖြင့် လွယ်ကူသက်သာနမူနာကောက်သည့်နည်း (convenience sampling) ကို အသုံးပြုခဲ့ပါသည်။ အုပ်စုခွဲတစ်ခုစီမှ ဖြေဆိုသူ အရေအတွက်တူညီစေရန် ရည်ရွယ်ခဲ့သောကြောင့် ရန်ကုန်မြို့ အတွင်း နေရာအသီးသီးမှ မျိုးတူလူဦးရေအများဆုံးရှိသည့် မြို့ပြအရပ်ဖြစ်သည့် အင်းစိန်၊ လှိုင် နှင့် ဗဟန်း အပါအဝင် ကျေးလက်ဒေသဖြစ်သော မှော်ဘီမြို့နယ် စသည့် ၄မြို့နယ်တွင် နေထိုင်သူများကို ရွေးချယ်ခဲ့သည်။ အချက်အလက်အားလုံးကို ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလအတွင်း ကောက်ယူခဲ့သည်။

ဖြေဆိုသူတစ်ဦးစီအတွက် လုပ်ငန်းစဉ်မှာအတူတူပင်ဖြစ်သည်။ ပထမအနေဖြင့် ဖြေဆိုသူများကို သုတေသန၏ရည်ရွယ်ချက် အကြောင်း ရှင်းလင်းပြောပြပြီး ဤလေ့လာမှုတွင်ပါဝင်ရန် ၎င်းတို့၏ခွင့်ပြုချက်တောင်းဆိုခဲ့သည်။ ထို့နောက် ဖြေဆိုသူများ အတွက် သုတေသနစစ်တမ်းကောက်ယူခြင်းနှင့် ပတ်သက်ပြီး မရှင်းလင်းသောအရာရှိပါက မေးခွန်းမေးနိုင်ရန် အချိန်ပေး ခဲ့သည်။ ၎င်းတို့ပါဝင်ရန်သဘောတူပါက ဖြေဆိုသူများစစ်တမ်း ဖြေဆိုရန် စတင်ခဲ့သည်။ အချက်အလက်များ ကောက်ယူပြီး စီးသောနောက်တွင် ဖြေဆိုသူများကို သုတေသနပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ပိုမိုအသေးစိတ်ရှင်းပြကာ ၎င်းတို့၏ပါဝင်ဖြေဆို ပေးမှုအတွက် ကျေးဇူးတင်စကားပြောဆိုပြီး ၎င်းတို့အနေဖြင့် နောက်မှမေးမြန်းလိုသည့်မေးခွန်း သို့မဟုတ် အကြောင်းတစ်စုံ တစ်ရာရှိလာပါက သုတေသီများကိုဆက်သွယ်နိုင်ရန်လိပ်စာ များပေးခဲ့သည်။ ချဉ်းကပ်ခဲ့သည့်ဖြေဆိုသူအချို့အနေဖြင့် သုတေသနခေါင်းစဉ်သည် အကဲဆတ်သောအကြောင်း အရာဖြစ်ကြောင်း သိရှိပြီးနောက် သို့မဟုတ် သုတေသီများကို အပြည့်အဝယုံကြည်မှုမရှိသောကြောင့် စစ်တမ်းလွှာဖြေဆိုရန် ကြောက်ရွံ့နေခဲ့သည်။ ဤအကြောင်းကြောင့်ပင် အချက်အလက် အများစုကို အဓိကကူညီချိတ်ဆက်ပေးသူတစ်ယောက်ရှိနေသော အချိန်တွင်သာ ကောက်ယူခြင်းဖြစ်ပြီး ဖြေဆိုသူများသည် စစ်တမ်းမေးခွန်းလွှာ ဖြေဆိုရာတွင် စိတ်သက်သာမှုခံစား ရရှိစေရန်အတွက် လွယ်ကူသက်သာ နမူနာကောက်ယူသည့်နည်း (convenience sampling) ကို အသုံးပြုခဲ့သည်။

# တွေ့ရှိချက်များ

စစ်တမ်းလွှာ ၂၆စောင်သည် အကြောင်းအမျိုးမျိုးကြောင့် ဥပမာ - အချို့သောဖြေဆိုသူများသည် အသက် ၁၈ နှစ် မှ ၇၅ နှစ် အသက်အပိုင်းအခြားထက်ကျော်လွန်ခြင်း သို့မဟုတ် မေးခွန်းအားလုံးကိုမဖြေဆိုခြင်း အစရှိသည့် အဆင်မပြေမှုများရှိခဲ့သည့်အတွက် နောက်ဆုံးနမူနာတွင် ဖြေဆိုသူစုစုပေါင်း ၃၇၅ ဦး ပါဝင်ခဲ့သည်။ အဆုံးသတ်နမူနာတွင် မြို့ပြနှင့် ကျေးလက်နေ ဗမာနှင့် ဗမာမဟုတ်သော လူမျိုးစု ဖြန့်ကြက်ထားရှိမှုကို နှိုင်းယှဉ်ကြည့်နိုင်သည် (ဇယားကွက် ၁ ကို ကြည့်ပါ)။  နမူနာ ၄၉.၉ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ပြီး နမူနာတစ်ခုလုံး၏ ၈၃.၄ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာဝင်များဖြစ်သည်။ ပျမ်းမျှအသက်သည် ၃၃.၅၆ နှစ်ဖြစ်သည်။ ၎င်းတို့၏လက်ရှိရပ်ရွာလူထုတွင် ရဲတပ်ဖွဲ့ဝင်များထံမှ အကူအညီရရန် လွယ်ကူသည် သို့မဟုတ် ခက်ခဲသည့် အကြောင်းနှင့်ပတ်သက်ပြီး ၎င်းတို့၏အမြင်ကို မေးမြန်းသောအခါ ဖြေဆိုသူအများစုသည် လွယ်ကူသည်ဟု ဖြေဆိုပြီး ၎င်းအချက်သည် မြို့ပြနှင့်ကျေးလက်ဧရိယာ နှစ်ခုစလုံးအတွက် မှန်ကန်သည် (ဇယားကွက် ၂ ကို ကြည့်ပါ)။ နောက်ဆုံးတွင် နမူနာ ၇၁.၂ ရာခိုင်နှုန်းသည် ရဲတပ်ဖွဲ့ဝင်များနှင့် အနည်းဆုံး တစ်ကြိမ်တစ်ခါတော့ ဆက်သွယ်မှုရှိခဲ့ကြောင်း ပြောဆိုခဲ့သည်။

ဖြေဆိုသူများအကြား လူမျိုးစု (ဗမာ၊ ဗမာမဟုတ်သော)၊ တည်နေရာ (မြို့ပြ၊ ကျေးလက်) နှင့် ရဲတပ်ဖွဲ့ဝင်များအပေါ် ၎င်းတို့၏ ယုံကြည်အားကိုးမှု (တရားမျှတခြင်း၊ ထိရောက်မှုရှိခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း) အလိုက် အကူအညီရနိုင်မှု (အကူအညီရလွယ်သည်၊ အကူအညီရရန် ခက်ခဲသည်) တို့အပေါ် အခြေခံပြီး သိသာထင်ရှားသော ကွဲပြားခြားနားမှုကို ပြသရန်အတွက် စမ်းသပ်ချက်အုပ်စုများအကြား ဗဟုတန်ဖိုးများပြောင်းလဲမှုဆိုင်ရာ စိစစ်လေ့လာချက် (MANCOVA) ကို အသုံးပြုခဲ့သည်။ ဤနေရာတွင် လူမျိုးစု၊ တည်နေရာနှင့် အလွယ်တကူအကူအညီရရှိနိုင်မှု အစရှိသည့် အဆိုကြမ်းပြုထားသည့် သီးခြားကိန်းရှင်များ (independent variables) ၏ မှီခိုကိန်းရှင်များ (dependent variables) အပေါ် သက်ရောက်မှုကို စမ်းသပ်စစ်ဆေးရန် ရည်ရွယ်ခြင်းဖြစ်သည်။ ယခင်စာတမ်းများတွင် ပြည်သူလူထု၏ ရဲများနှင့်ပတ်သက်သော အတွေ့အကြုံသည် ရဲများအပေါ် ယုံကြည်မှုကို သက်ရောက်မှုရှိကြောင်း ဖော်ထုတ်ပြသပြီးဖြစ်သောကြောင့် စိစစ်လေ့လာရာတွင် ၎င်းကို သီးခြားကိန်းရှင် covariate အနေဖြင့် ထည့်သွင်းအသုံးပြုခဲ့သည် (Worden ၊ နှင့် McLean ၊ ၂၀၁၇) ။

စိစစ်လေ့လာချက်အရ တွေ့ရှိရသည့် ပထမအချက်မှာ ရဲတပ်ဖွဲ့ဝင်များကိုယုံကြည်အားကိုးမှုအပေါ် အဓိကသက်ရောက်မှုသည်၊ ကြိမ်နှုန်း (၁.၉၈၊ ၇၀၉.၂၉) = ၀.၇၇၊ ဖြစ်တန်စွမ်း = .၄၆) ဖြင့် အုပ်စုတစ်ခုနှင့်တစ်ခုကြား ထင်ထင်ရှားရှားမရှိကြောင်းတွေ့ရှိခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များ၏ထိရောက်မှုအပေါ် ယုံကြည်မှုသည် အမြင့်ဆုံး (ပျမ်းမျှ = ၃.၀၇၊ စံသွေဖည်မှု = ၁.၀၂) နှင့် ရဲတပ်ဖွဲ့ဝင်များ၏ပွင့်လင်းမြင်သာမှုအပေါ် ယုံကြည်မှုသည် အနိမ့်ဆုံး (ပျမ်းမျှ = ၂.၈၉၊ စံသွေဖည်မှု = ၁.၁၁)၊ အဆိုပါနှစ်ခုအကြားတွင် ရဲတပ်ဖွဲ့ဝင်များ၏ တရားမျှတမှုရှိခြင်းသည် (ပျမ်းမျှ = ၃.၀၆၊ စံသွေဖည်မှု = ၁.၀၇) သတ်မှတ်ခံရကြောင်း စိစစ်လေ့လာတွေ့ရှိခဲ့သည်။ အခြားတစ်ဘက်တွင်လည်း အုပ်စုတစ်ခုနှင့်တစ်ခုကြား သက်ရောက်မှုများ၏ စမ်းသပ်ချက်များအရ အကူအညီရနိုင်မှုအပေါ်  သဘောထားအမြင်သည် ရဲတပ်ဖွဲ့ဝင်များကိုယုံကြည်မှုအခြေအနေ၊ ကြိမ်နှုန်း (၁,၃၅၉) = ၃၅.၅၉၊ ဖြစ်တန်စွမ်း < .၀၀၁ ဖြင့် သိသာထင်ရှားသောအဓိကသက်ရောက်မှုတစ်ခု ရှိကြောင်းတွေ့ရသည်။ ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များထံမှအကူအညီ အလွယ်တကူရသည်ဟု ခံစားရသော ဖြေဆိုသူများ (ပျမ်းမျှ = ၃.၂၃၊ စံသွေဖည်မှု = ၀.၉၀) သည် ရဲတပ်ဖွဲ့ဝင်များထံမှ အကူအညီရရှိရန် ခက်ခဲသည်ဟု သဘောထားအမြင် ရှိသူများ (ပျမ်းမျှ = ၂.၅၂၊ စံသွေဖည်မှု = ၀.၈၆) ထက် ရဲတပ်ဖွဲ့ဝင်များအပေါ် ယုံကြည်မှုမြင့်မားကြောင်း တွေ့ရှိခဲ့သည်။

ထို့အပြင် မြို့ပြနှင့်ကျေးလက်ဧရိယာတို့အကြား ရဲတပ်ဖွဲ့ဝင်များအပေါ် ယုံကြည်မှုအခြေအနေကွာခြားချက်မှာလည်း သိသာထင်ရှားသည်၊ ကြိမ်နှုန်း (၁,၃၅၉) = ၅၀.၇၇ ၊ ဖြစ်တန်စွမ်း < .၀၀၁။ ဤနေရာတွင် ကျေးလက်ဒေသရှိဖြေဆိုသူများ (ပျမ်းမျှ = ၃.၃၈ ၊ စံသွေဖည်မှု = ၀.၉၄) သည် မြို့ပြဧရိယာရှိဖြေဆိုသူများ (ပျမ်းမျှ = ၂.၅၈၊ စံသွေဖည်မှု = ၀.၇၆) ထက် ရဲတပ်ဖွဲ့ဝင်များကို ယုံကြည်မှုမြင့်မားကြောင်းတွေ့ရသည်။ သို့သော်လည်း လူမျိုးစုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များအပေါ် ယုံကြည်မှုအခြေအနေသည် သက်ရောက်မှုသိသာစွာမရှိကြောင်းတွေ့ရသည်၊ ကြိမ်နှုန်း (၁,၃၅၉) = ၀.၅၇ ၊ ဖြစ်တန်စွမ်း = .၄၅။ . ဗမာလူမျိုးစုမဟုတ်သော ဖြေဆိုသူများ (ပျမ်းမျှ = ၂.၉၁၊ စံသွေဖည်မှု = ၁.၀၀) သည် ဗမာလူမျိုးဖြေဆိုသူများ (ပျမ်းမျှ = ၂.၈၄၊ စံသွေဖည်မှု = ၀.၈၈) ထက် ရဲတပ်ဖွဲ့ဝင်များကိုပိုမိုယုံကြည်အားကိုးသော်လည်း သိသိသာသာကွာခြားချက်မရှိပေ။

ဇယားကွက် ၁။ မြို့ပြ နှင့် ကျေးလက်ဧရိယာများရှိ ဗမာ နှင့် ဗမာလူမျိုးစုမဟုတ်သော ဖြေဆိုသူများ ဖြန့်ကြက်ထားရှိမှု (နမူနာ = ၃၇၅)

| | **မြို့ပြ** | **ကျေးလက်** | **စုစုပေါင်း** |
|---|---|---|---|
| ဗမာလူမျိုးစု | ၇၇ | ၁၀၂ | ၁၇၉ |
| ဗမာလူမျိုးစုမဟုတ်သော | ၉၈ | ၉၈ | ၁၉၆ |
| စုစုပေါင်း | ၁၇၅ | ၂၀၀ | ၃၇၅ |

ဇယားကွက်၂။ မြို့ပြနှင့်ကျေးလက်ဧရိယာများတွင်ရဲတပ်ဖွဲ့ဝင်များထံမှအလွယ်တကူအကူအညီရနိုင်မှု (နမူနာ=၃၆၈)

| | **မြို့ပြ** | **ကျေးလက်** | **စုစုပေါင်း** |
|---|---|---|---|
| အကူအညီရရန်လွယ်ကူသည် | ၁၀၉ | ၁၄၆ | ၂၅၅ |
| အကူအညီရရန်မလွယ်ကူပါ | ၆၀ | ၅၃ | ၁၁၃ |
| စုစုပေါင်း | ၁၆၉ | ၁၉၉ | ၃၆၈ |

နောက်ဆုံးအချက်အနေဖြင့် လူမျိုးစု နှင့် တည်နေရာဒေသအလိုက် အုပ်စုတစ်ခုနှင့်တစ်ခုကြား အပြန်အလှန် သက်ရောက်မှု ရှိကြောင်း တွေ့ရသည်၊ ကြိမ်နှုန်း (၁၃၅၉) = ၈.၂၇၊ ဖြစ်တန်စွမ်း < .၀၀၁ အထူးသဖြင့် မြို့ပြဒေရီယာများတွင် ဗမာလူမျိုးစုမဟုတ်သော ဖြေဆိုသူများသည် (ပျှမ်းမျှ = ၃.၀၅၊ စံအမှား = ၀.၀၈) ဗမာလူမျိုးဖြေဆိုသူများ (ပျှမ်းမျှ = ၂.၆၂၊ စံအမှား = ၀.၁၀) ထက် ရဲများအပေါ်တွင် ယုံကြည်အားကိုးမှုနည်းပါးပြီး ကျေးလက် ဒေသများတွင် ဗမာလူမျိုးမဟုတ်သောဖြေဆိုသူများ (ပျှမ်းမျှ = ၃.၄၀၊ စံအမှား = ၀.၁၂) သည် ဗမာလူမျိုး ဖြေဆိုသူများ (ပျှမ်းမျှ = ၃.၀၅၊ စံအမှား= ၀.၀၈) ထက် ရဲများအပေါ်တွင် ယုံကြည်အားကိုးမှုမြင့်မားကြောင်းတွေ့ရသည်။ မတူညီသည့်အချက်မှာ အကူအညီရနိုင်ခြင်းသည်ပင်လျှင် ရဲတပ်ဖွဲ့ဝင်များကို ယုံကြည်အားကိုးမှုပေါ်တွင် သိသာထင်ရှားစွာ သက်ရောက်မှုရှိသော်လည်း အကူအညီရနိုင်ခြင်းနှင့် အခြားသော သီးခြားကိန်းရှင်များကြားတွင် အပြန်အလှန်သက်ရောက်မှုမရှိ ကြောင်းတွေ့ရသည်။

# ဆွေးနွေးချက်

ဤလေ့လာမှုသည် ရဲဘက်ဆိုင်ရာအဖွဲ့အစည်းများအပေါ် မြန်မာပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို သက်ရောက်မှုရှိသည့် ကိန်းရှင်များကို ဆန်းစစ်ခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်ရည်နှင့် ပဋိပက္ခသီအိုရီသည် မြန်မာနိုင်ငံအနေအထားနှင့် အပ်စပ်မှုကို စမ်းသပ်စစ်ဆေးရန် ရည်ရွယ်ခြင်းဖြစ်သည်။ ရရှိလာသော တွေ့ရှိချက်များသည် မြန်မာနိုင်ငံလူမှုနှင့်ယဉ်ကျေးမှုအခြေအနေ အရ ပုံစံ(၅)မျိုးနှင့်တွေ့ရသည်။ ပထမပုံစံမှာ ဤလေ့လာချက်အရ ယုံကြည်အားကိုးမှု၏ ကိန်းရှင် (၃) မျိုးလုံး (တရားမျှတမှု၊ ထိရောက်မှုနှင့် ပွင့်လင်းမြင်သာမှု) ၏ တန်ဖိုးများသည် နှိုင်းယှဉ် ကြည့်ပါက နည်းပါးနေပြီး ၎င်းတို့အချင်းချင်းကြားတွင် သိသာ ထင်ရှားစွာကွာခြားမှုမရှိသော်လည်း၊ ပွင့်လင်းမြင်သာမှုသည် အနည်းဆုံးဖြစ်သည်။ ဤလေ့လာမှုတွင် ဖြေဆိုသူများက ယုံကြည် အားကိုးမှု နည်းပါးရခြင်း၏ ဖြစ်နိုင်ချေရှိသည့်အကြောင်းရင်းများ ကို ဖြေဆိုသူများအနေဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ပတ်သက်သော ၎င်းတို့၏ အတွေ့အကြုံနှင့်သဘောထားအမြင်ကို ပိုမိုလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်သည့် တစ်ခုတည်းသောအဖွင့်မေးခွန်းတွင် ဖြေကြားပေးထားသည်။ ဖြေဆိုသူအတော်များများသည် ရဲအရာရှိ များ၏ တရားမျှတမှုမရှိ၊ ရိုသေလေးစားမှုမရှိသော ဆက်ဆံမှုမျိုး ခံရပြီး ရဲအရာရှိများ၏ အကျင့်ပျက်ခြစားမှုနှင့် ကိုယ်ရေးကိုယ်တာ ဘက်လိုက်မှု သာမက ရဲများအဆင်သင့်မရှိမှုနှင့် ကူညီလိုစိတ် မရှိခြင်းအကြောင်း ဖော်ပြထားပြီး ထိုအကြောင်းအချက်များသည် ပြည်သူလူထုအနေနှင့် ရဲတပ်ဖွဲ့ဝင်များကို ယုံကြည်မှုနည်းပါး ရခြင်း၏ အကြောင်းရင်းများထဲမှအချို့အချက်များဖြစ်နိုင်သည်။ ထို့အပြင် အများပြည်သူလူထုအမြင်တွင် ယခင်မြန်မာအစိုးရ အစဉ်အဆက် အသုံးပြုခဲ့သည့် နိုင်ငံရေးစနစ်များကြောင့် အစိုးရ အဖွဲ့အစည်းများကို ယေဘုယျအားဖြင့် မယုံကြည်ထိုက်သောအဖွဲ့ အစည်းများအဖြစ် ထင်မြင်စေနိုင်သည်။

ဒုတိယတွေ့ရှိရသည့်ပုံစံမှာ ဤလေ့လာမှုမှတွေ့ရှိချက်များအရ တိုင်းရင်းသားလူနည်းစုများမှ ဖြေဆိုသူများသည် တိုင်းရင်းသား လူများစုမှ ဖြေဆိုသူများထက် ရဲတပ်ဖွဲ့များအပေါ်ယုံကြည်မှုနည်းပါး လိမ့်မည်ဟု ယေဘုယျယူဆချက်ကို သက်သေပြနိုင်ခြင်းမရှိခဲ့ပေ (Tyler ၊ ၂၀၀၅) ။ နှိုင်းယှဉ်ချက်အရ ဤလေ့လာမှုတွင် ရရှိလာ သည့်ရလဒ်များအရ တိုင်းရင်းသားလူနည်းစုများသည် တိုင်းရင်းသားလူများစုထက် ရဲတပ်ဖွဲ့ဝင်များအပေါ် ယုံကြည် အားကိုးမှုအနည်းငယ်မြင့်မားသည်ကို တွေ့ရှိခဲ့သည်။ ၎င်းမှာ သီအိုရီအရ ဒီမိုကရေစီဝါဒအခြေခံသော လူမှုအသိုင်းအဝန်း များသည် တိုင်းရင်းသားလူနည်းစုများ၏ နိုင်ငံရေးအခွင့်အရေးကို အခြားသောအစိုးရပုံစံများထက် ပိုမိုအကာအကွယ်ပေးကြသည် (Morris ၊ ၂၀၁၁)။ မြန်မာနိုင်ငံတွင်မူ ဒီမိုကရေစီဝါဒအခြေခံသော ယဉ်ကျေးမှု ဖွံ့ဖြိုးမှုအခြေအနေမှာ အငြင်းပွားဖွယ်အနေအထား ရှိနေသေးသည်။ အခြားတစ်ဘက်တွင် ဖြေဆိုသူများ၏ ရဲတပ် ဖွဲ့အပေါ်ယုံကြည်အားကိုးမှုနှင့်ပတ်သက်ပြီး အသက်၊ ကျား၊ မ၊ လူနေမှုအဆင့်အတန်း၊ သို့မဟုတ် ဝင်ငွေ အစရှိသည့် အခြားသော အကြောင်းရင်းများသည် လူမျိုးစုဆိုင်ရာသက်ရောက်မှုထက် တစ်ပန်းသာကောင်းသာနိုင်သည်။ မည်သည့်အကြောင်းကြောင့် မဆို ယခုလေ့လာမှုတွင် တိုင်းရင်းသားလူနည်းစုဖြစ်ခြင်းသည် ရဲများအပေါ် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို အဆုံးအဖြတ် ပေးသည့်အရေးပါသောအချက်တစ်ခုမဟုတ်ကြောင်း မှတ်သား ထားရှိရမည်။ အဘယ်ကြောင့်ဆိုသော် ဗမာလူမျိုးစုနှင့် ဗမာလူမျိုး စုမဟုတ်သောဖြေဆိုသူများကြားတွင် ရဲများကိုယုံကြည်အားကိုး မှုနှင့်ပတ်သက်၍ အမှန်တကယ် မယုံကြည်သည်လည်းမဟုတ် ယုံကြည်သည်လည်းမဟုတ်သည့် နှစ်ခုအကြားတွင် သိသာထင်ရှားစွာ ကွဲပြားခြားနားမှု မရှိသောကြောင့်ဖြစ်သည်။

တတိယတွေ့ရှိရသည့်ပုံစံမှာ ရဲများထံမှအကူအညီရရှိနိုင်မှုသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ (MPF) အပေါ် ပြည်သူလူထု၏ယုံကြည်မှုနှင့် သိသာစွာပတ်သက်ဆက်စပ်နေကြောင်း နှင့် ပြည်သူလူထုအနေနှင့် ရဲများထံမှအကူအညီရရန်လွယ်ကူလေ ယုံကြည်မှုပိုရရှိလေ ဖြစ်သည်။ ဤရလဒ်သည် လေ့လာမှု၏ဒုတိယအဆိုကြမ်းကို သက်သေပြခဲ့ပြီး ယခင်စာတမ်းများနှင့်လည်း ကိုက်ညီမှုရှိသည် (Shoyode ၊ ၂၀၁၈) ။ နောက်တစ်ချက်မှာ ရလဒ်များအရ ရဲများအပေါ်ထားရှိသော ပြည်သူလူထု၏ယုံကြည်မှုသည် အဓိကအားဖြင့် တည်နေရာနှင့် ပတ်သက်ပြီး ၎င်းအချက်သည် သိသာစွာသက်ရောက်မှုရှိကြောင်း နှင့် ကျေးလက်ဒေသရှိ ဖြေဆိုသူများသည် မြို့ပြဧရိယာရှိဖြေဆိုသူများထက် ရဲများ

အပေါ်ယုံကြည်မှုမြင့်မားသည်ကိုတွေ့ရသည်။ ထို့ကြောင့် ဤတွေ့ရှိချက်သည် လေ့လာမှု၏ တတိယအဆိုကြမ်းကို သက်သေပြခဲ့ပြီး Wang နှင့် Sun ရဲ့ ထိုင်ဝမ်တွင်ရရှိခဲ့သော ရလဒ်များနှင့်လည်း ကိုက်ညီမှုရှိသည်။ ဤလေ့လာမှုနှစ်ခု၏ရလဒ်များသည် ကိုက်ညီမှုရှိသော်လည်း ၎င်းတို့၏အဓိပ္ပာယ်ကောက်ယူချက်သည် ကွဲပြားနိုင်သည်။ Wang နှင့် Sun တို့၏လေ့လာမှုတွင် ပါဝင်သော မြို့ပြရှိဖြေဆိုသူများသည် ရဲများ၏ပေါ့ဆမှု နှင့် ရာဇဝတ်မှုများကို ကြောက်ရွံ့ခြင်းအကြောင်း သတင်းမီဒီယာများတွင်ဖော်ပြချက်များ၏ သက်ရောက်မှုခံရပြီး ယခုလေ့လာမှုတွင် မြို့ပြဧရိယာရှိဖြေဆိုသူများသည် ရဲအကူအညီ မရရှိခြင်းကြောင့် ရဲများအပေါ်တွင် ယုံကြည်မှုနည်းခြင်းဖြစ်နိုင်သည်။ အထူးသဖြင့် မြန်မာနိုင်ငံရှိရဲများ၏ အုပ်ချုပ်ရေးဆိုင်ရာစနစ်သည် မြို့ပြနှင့် ကျေးလက်ဧရိယာများတွင် ကွာခြားမှုရှိသည်၊ မြို့ပြဧရိယာရှိ မြို့နယ်တစ်ခုစီတိုင်းတွင် ရဲစခန်းများရှိပြီး ကျေးလက်ဒေသများတွင် ရွာသုံးရွာလျှင် နယ်ထိန်းအရာရှိ တစ်ဦးသာရှိသည်။

နောက်ဆုံးသုံးသပ်ချက်မှာ ယခုလေ့လာမှုအရ ရဲအရာရှိများနှင့် တစ်ခါမှမဆက်သွယ်ဖူးသောဖြေဆိုသူများသည် ရဲအရာရှိများနှင့် အနည်းဆုံးတစ်ကြိမ်တစ်ခါဆက်သွယ်ဖူးသည့် ဖြေဆိုသူများထက် ရဲများအပေါ်တွင် ပိုမိုယုံကြည်အားကိုးမှုရှိသည်။ မည်သို့ပင်ဖြစ်စေ ဤလေ့လာမှုတွင် ရဲများနှင့်ပတ်သက်သောပြည်သူလူထု၏အတွေ့အကြုံကိုသာလျှင် သက်ရောက်မှုရှိသော အကြောင်းအရင်းတစ်ရပ်အဖြစ် ထိန်းချုပ်ထားခြင်းဖြစ်ပြီး ဤအနေအထားတွင် ရလဒ်များမှာ ယခင်စာတမ်းများနှင့် ကိုက်ညီမှုမရှိကြောင်းတွေ့ရသည် (Worden နှင့် McLean ၊ ၂၀၁၇) ။

ယခုလေ့လာမှုတွင် ကန့်သတ်မှုအချို့ရှိသည်။ ပထမအချက်မှာ အချို့သောဖြေဆိုသူများသည် သုတေသီများကိုယုံကြည်မှုမရှိသည့်အပြင် စစ်တမ်းမေးခွန်းလွှာများနှင့် ရင်းနှီးမှုမရှိသောကြောင့် ဤလေ့လာမှုမှတွေ့ရှိချက်များသည် အပြည့်အဝယုံကြည်စိတ်ချ၍ မရနိုင်ပေ။ ဒုတိယအချက်မှာ ဤလေ့လာမှုသည်ရန်ကုန်မြို့တွင်းနှင့် မြို့ပြဧရိယာနှင့် အလွန်ဝေးလံခြင်း မရှိသည့်အပြင် ရဲစခန်းများနှင့် ချိတ်ဆက်ရန် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ရွာများရှိ တိုင်းရင်းသားလူမျိုး ဖြေဆိုသူများကို နမူနာယူစစ်တမ်းကောက်ယူခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဤလေ့လာမှု၏ ကန့်သတ်အကျုံးဝင်မှု (internal validity) သည် ပြည့်ဝစွာခိုင်မာမှုမရှိနိုင်ခြင်းဖြစ်ပြီး အနာဂတ်တွင်ပြုလုပ်မည့်သုတေသနများတွင် ပိုမိုဝေးလံ၍ တိုင်းရင်းသားလူမျိုးများနေထိုင်ရာဒေသရှိ တိုင်းရင်းသားလူနည်းစုများထံမှ အချက်အလက်များကောက်ယူသင့်သည်။ တတိယအချက်မှာ နမူနာယူသည့်ကျေးလက်ဒေသများရှိ အချို့သော အခြေအနေကြောင့် ဤလေ့လာမှု၏ ကန့်သတ်အကျုံးဝင်မှုကို ခြိမ်းခြောက်မည့်အနေအထားဖြစ်ခဲ့သည်။ ဤနေရာတွင် ရဲအရာရှိများနှင့် ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရမည့် ကိစ္စရပ်အများစုကို ရပ်ရွာလူထုခေါင်းဆောင်မှ ဖြေဆိုသူများကိုယ်စား လုပ်ဆောင်ပေးလျက်ရှိသည်ဟု ယူဆရပြီး ရလဒ်အနေဖြင့် ဖြေဆိုသူများသည် ရံဖန်ရံခါမျှသာ တာဝန်ရှိသောနယ်ထိန်းအရာရှိနှင့် အပြန်အလှန်ချိတ်ဆက်မှုရှိသည်။ ထိုသို့ဖြစ်လျှင် ရပ်ရွာလူထုခေါင်းဆောင်နှင့် ဖြေဆိုသူများအကြားကောင်းမွန်သောဆက်ဆံရေးနှင့် နယ်ထိန်းအရာရှိ၏ နာမည်ကောင်းသည် ဤလေ့လာမှုတွင် ရဲများထံအကူအညီရနိုင်မှုနှင့်ယုံကြည်အားကိုးမှုတို့အကြား အချိတ်အဆက်ကိုသာမက မြို့ပြဧရိယာများထက် ကျေးလက်ဒေသများတွင် ယုံကြည်အားကိုးမှုအခြေအနေမြင့်တက်လာနိုင်ရန်လည်း အထောက်အကူပြုနိုင်သည်။

ထပ်ဆင့်အကျုံးဝင်မှု (external validity)နှင့် ပတ်သက်လာလျှင် မြို့ပြနှင့်ကျေးလက်ဒေသရှိ ဗမာ နှင့် ဗမာလူမျိုးစုမဟုတ်သော နမူနာကောက်ယူမည့်ဖြေဆိုသူအရေအတွက်မှာ  အတော်အတန်များပြားပြီး အချိုးကျဖြစ်သော်လည်း ထိုနမူနာများသည် လူဦးရေတစ်စုလုံးကို ကိုယ်စားမပြုနိုင်သောကြောင့် တွေ့ရှိချက်များကို ခြုံငုံ၍ကောက်ချက်ချရန် မဖြစ်နိုင်ပေ။ နောက်အချက်မှာ ယုံကြည်အားကိုးမှု၊ အကူအညီရနိုင်မှုနှင့် ရဲများနှင့်ပတ်သက်သော ပြည်သူလူထု၏အတွေ့အကြုံဆိုင်ရာ သဘောတရားများကို ရွေးချယ်ထားသော ကိန်းရှင်များဖြင့်သာ တိုင်းတာခြင်းဖြစ်သည့်အတွက် နောက်ထပ်လေ့လာမှုများတွင် ယေဘုယျအားဖြင့် တိုင်းတာယူဆချက်ကိန်းရှင် (construct validity) တိုးများလာစေရန်အလို့ငှာ ထိုယူဆချက်များ၏ အတိုင်းအတာများ ပိုမိုထည့်သွင်းသင့်သည်။ နောက်ဆုံးအချက်မှာ ဤလေ့လာမှုသည် စမ်းသပ်လေ့လာသည့်ဒီဇိုင်း (experimental design) ကို အသုံးပြုခဲ့ခြင်းမဟုတ်သောကြောင့် သီးခြားနှင့်မှီခိုကိန်းရှင်များကြားရှိ အကြောင်းတရားနှင့်အကျိုးတရား (cause and effect) ဆက်နွှယ်မှုကို လက်ခံယူဆ၍မရနိုင်ပေ။

# သုံးသပ်ချက် နှင့် အကြံပြုထောက်ခံချက်များ

ဤသုတေသနပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ရဲတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုအခြေအနေနှင့် ၎င်း၏သက်ရောက်မှုရှိနေသောအကြောင်းရင်းများကို စစ်ဆေးလေ့လာရန်ဖြစ်သည်။ သုတေသနဒီဇိုင်းတွင် ဖြေဆိုသူများ၏ ရဲများနှင့်ပတ်သက်သော ယခင်အတွေ့အကြုံများကို ထိန်းချုပ်ကာ တိုင်းရင်းသားလူမျိုးစုများ၊ တည်နေရာများ နှင့် ရဲအကူအညီရနိုင်မှု အခြေအနေအမျိုးမျိုးကြား ယုံကြည်မှုအခြေအနေများကို နှိုင်းယှဉ်လေ့လာခြင်းဖြစ်သည်။ ပြည်သူလူထု၏ ဤလေ့လာမှုတွင် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို တိုင်းတာရန် တရားမျှတမှု၊ ထိရောက်မှု နှင့် ပွင့်လင်းမြင်သာမှု စသည့်ကိန်းရှင်သုံးမျိုးကို အသုံးပြုခဲ့သည်။ လေ့လာမှုတစ်ခုလုံးကို ခြုံငုံကြည့်ပါက ရဲတပ်ဖွဲ့ဝင်များထံမှ အကူအညီအလွယ်တကူရခဲ့သည်ဟု ယူဆသောဖြေဆိုသူများသည် ရဲများကိုယုံကြည်အားကိုးမှု မြင့်မားကြောင်း တွေ့ရသည်။ ထို့အပြင် ကျေးလက်ဒေသရှိပြည်သူလူထုသည် မြို့ပြဒေသရှိသူများထက် ရဲများပေါ်တွင်ယုံကြည်မှု အားကိုးမှုမြင့်မားသည်။ ဗမာနှင့်ဗမာလူမျိုးစုမဟုတ်သော ဖြေဆိုသူများအကြား ယုံကြည်မှုအခြေအနေသည် သိသိသာသာ ကွာခြားခြင်းမရှိကြောင်း မမျှော်လင့်ဘဲတွေ့ရသည်။ သို့သော် တိုင်းရင်းသားလူမျိုးစု နှစ်ခုစလုံးသည် ရဲများကိုယုံကြည်အားကိုးမှု အတော်လေးနည်းပါးသည်ကိုတွေ့ရသည်။

စစ်တမ်းတစ်ခုတည်းဖြင့် အချက်အလက်ကောက်ယူခြင်း ဖြစ်သောကြောင့် ဤလေ့လာမှု နယ်ပယ်သည် အကန့်အသတ် ဖြစ်ခဲ့သည်။ ကန့်သတ်ချက်များမှာ အချို့သောဖြေဆိုသူများသည် စစ်တမ်းဒီဇိုင်းနှင့် ရင်းနှီးမှုမရှိခြင်း နှင့် အခြားသောသူများသည် စစ်တမ်းမေးခွန်းလွှာကိုဖြေဆိုသည်သာမက  အကြောင်းအရာများကို ကိုယ်တိုင်ထပ်လောင်းဆွေးနွေးလိုခြင်းတို့ဖြစ်သည်။ ထို့အတွက်ကြောင့် ရဲများနှင့်ပတ်သက်ပြီး ပြည်သူလူထု၏ သဘောထားအမြင် နှင့် အတွေ့အကြုံများကို ပိုမိုလွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ရရန်အတွက် နက်နဲစွာ ရှာဖွေဖော်ထုတ်ရန် လိုအပ်နေသည်။ ဒုတိယအချက်အနေဖြင့် ဤလေ့လာမှုတွင် ဖြေဆိုသူများ၏ လူမှု-စီးပွားရေးအခြေအနေကို ပညာရေး နှင့် ဝင်ငွေမပါဝင်ဘဲ ကျား၊ မ၊ အသက်၊ လူမျိုး၊ နှင့် ဘာသာ တို့မှတစ်ဆင့် တိုင်းတာခဲ့ခြင်းဖြစ်သည်။ နောက်ထပ် ပြုလုပ်မည့်လေ့လာမှုများတွင် ငွေကြေးချမ်းသာကြွယ်ဝသူနှင့် ဆင်းရဲချို့တဲ့သူကြားသာမက ပညာရေးအဆင့်အတန်းအမျိုး မျိုးရှိသောသူများကြားတွင်လည်း နှိုင်းယှဉ်ကြည့်နိုင်ရန်အတွက် ထိုလူဦးရေဆိုင်ရာကိန်းရှင်များ (demographic variables) ကို အလေးထားထည့်သွင်းလုပ်ဆောင်သင့်သည်။

ထိုကန့်သတ်ချက်များရှိသော်လည်း သုတေသီများသိရှိသလောက် ဤအစီရင်ခံစာသည် မြန်မာနိုင်ငံရှိ ရဲတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထု၏ယုံကြည်မှုကိုတိုင်းတာသည့် ပထမဆုံးသောအစီရင်ခံစာဖြစ်သည်။ ဤသုတေသနမှရလဒ်များသည် MPF အတွက် အဖွဲ့အစည်းနှင့်ပတ်သက်သော ပြည်သူလူထု၏ သဘောထားအမြင်များအပေါ် အခြေခံပြီး တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်သင့်သည့်အချက်များကို အကြံပြုတင်ပြထားသည့်အတွက် အသုံးဝင်နိုင်သည်။ ပထမအချက်အနေဖြင့် ဤလေ့လာမှုတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ (MPF) အပေါ်ယေဘုယျ ယုံကြည်မှုသည် နည်းပါး သောကြောင့် ရဲတပ်ဖွဲ့ဝင်များ၏ ပွင့်လင်းမြင်သာမှု၊ ထိရောက်မှု နှင့် တရားမျှတမှုတို့ကို ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ရဲ နှင့် ပြည်သူလူထုဆက်ဆံရေး အားကောင်းလာရန် လိုအပ်မှုကို ရလဒ်များက မီးမောင်းထိုးပြသည်။ အသေးစိတ်အားဖြင့် -

၁။ တွေ့ရှိချက်များအရ ယုံကြည်အားကိုးမှုပုံစံသုံးမျိုးတွင် ပွင့်လင်းမြင်သာမှုရှိခြင်းသည် အနည်းဆုံး ဖြစ်သောကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အကျင့်ပျက်ခြစားမှု နှင့် ၎င်းတို့၏ ရဲအရာရှိများကြားတွင် ကိုယ်ရေးကိုယ်တာဘက်လိုက်မှုကို လျှော့ချသင့်သည်။

၂။ ထိရောက်မှုနှင့်စပ်လျဉ်း၍ ရဲအရာရှိများသည် ပြည်သူလူထုကအကူအညီတောင်းခံသည့်အခါ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် လိုလားခြင်းနှင့် ရဲစခန်းတွင်ကူညီရန် အမြဲအဆင်သင့်ရှိနေခြင်းတို့ကို ပိုမိုကောင်းမွန် တိုးတက်လာစေရန် လုပ်ဆောင်သင့်သည်။

၃။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏လက်ခံကျင့်သုံးသော တရားမျှတမှု အားကောင်းလာစေရန် ရဲအရာရှိများသည် ပြည်သူလူထုနှင့် ဆက်ဆံရာတွင် လူမျိုး၊ ဘာသာ၊ အသက် နှင့် ယောကျာ်း၊ မိန်းမဖြစ်မှုကို ထည့်သွင်းမစဉ်းစားဘဲ အယောက်စီတိုင်းကို တရားမျှတစွာဆက်ဆံသင့်သည်။

၄။ ဤလေ့လာမှုတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီ လက်ခံရရှိမှုသည် လွယ်ကူကောင်းမွန်ကြောင်း တွေ့ရပြီး အကူအညီရရှိနိုင်မှုလွယ်ကူလေ ယုံကြည်အားကိုးမှု မြင့်တက်လေဖြစ်သောကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် လက်ရှိအကူအညီပေးနိုင်မှုအခြေအနေကို ဆက်လက် ထိန်းသိမ်းထားသင့်သည်။

၅။ ကျေးလက်ဒေသတွင် သုတေသီများတွေ့ရှိခဲ့သည့် ရလဒ်များကို အဓိပ္ပာယ်ကောက်ယူချက်အရ ရပ်ရွာလူထု ခေါင်းဆောင်များနှင့် နယ်ထိန်းအရာရှိများကြား ကောင်းမွန်သောဆက်ဆံရေးရှိခြင်းသည် ရဲတပ်ဖွဲ့ဝင်များ အပေါ် ယုံကြည်အားကိုးမှု အခြေအနေကို ပိုမိုအားကောင်း စေနိုင်ကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ကျေးလက်ဒေသ နှင့် မြို့ပြဒေသနှစ်ခုစလုံးရှိ ရဲ ၊ နယ်ထိန်းအရာရှိများ နှင့် ရပ်ရွာ၊ မြို့နယ်ခေါင်းဆောင်များကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် အားပေး အားမြှောက် ပြုခြင်းဖြင့် အဖွဲ့အစည်းအပေါ် ပြည်သူလူထု၏ယုံကြည်အား ကိုးမှုတိုးပွားလာစေနိုင်သည်။

နောက်ဆုံးအချက်အနေဖြင့် ရဲတပ်ဖွဲ့ဝင်များအပေါ်ပြည်သူလူထု၏ ယုံကြည်မှုသည် အစိုးရတစ်ရပ်လုံးကိုလည်း သက်ရောက်မှု ရှိသောကြောင့် (Goldsmith ၊ ၂၀၁၅) ရဲများ၏လုပ်ငန်း စွမ်းဆောင်ရည်ကိုတိုးတက်အောင်ပြုလုပ်ခြင်းအပြင် ရဲနှင့် ပြည်သူလူထု ဆက်ဆံရေးကို အားကောင်းလာစေရန် လုပ်ဆောင်ခြင်းသည်လည်း အစိုးရအပေါ်ယုံကြည်မှုကို တိုးတက်ပြောင်းလဲစေနိုင်သည်။ လက်ရှိအခြေအနေအရ ရဲဘက်ဆိုင်ရာအဖွဲ့အစည်းများသည် ရာဇဝတ်မှုခင်းများကို ကိုင်တွယ်ဖြေရှင်းရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုမရှိသောကြောင့် စိန်ခေါ်မှုအခက်အခဲများရှိနေသည်။ ပြည်သူလူထုအနေဖြင့် ၎င်းတို့၏နိစ္စဓူဝလုပ်ငန်းစဉ်များတွင် ရဲများ၏ကာကွယ်စောင့်ရှောက်မှုလိုအပ်သောကြောင့် ရဲတပ်ဖွဲ့ဝင်များသည်လည်း ပြည်သူ၏ ပူးပေါင်းဆောင်ရွက်မှုကို ထိရောက်အောင် လုပ်ဆောင်ရန် လိုအပ်သည်။ နိဂုံးချုပ်အနေဖြင့် ပြည်သူ လူထု၏ယုံကြည်မှုသည် အထူးသဖြင့် ဒီမိုကရေစီဝါဒ အခြေ ခံသော နိုင်ငံများအတွက် တရားဝင်အသိအမှတ်ပြုခံရသည့် အစိုးရအဖွဲ့အစည်းတစ်ရပ် ဖြစ်စေရန် ရဲတပ်ဖွဲ့ဝင်များအတွက် မရှိမဖြစ်အရေးပါသည်။

# ကျမ်းကိုးစာရင်း

Boateng, F. D. (2015). *Trust in the police: Analysis of urban cities in Ghana.* Unpublished doctoral dissertation, Washington State University, Washington, DC.

Bouckaert, G., Walle, S. V. D., Maddens, B., & Kampen, J. K. (2002). *Identity vs performance: An overview of theories explaining trust in government.* Leuven, Belgium: Public Management Institute.

Clark, M., Davidson, R., Hanrahan, V., & Taylor, N.E. (2017). Public trust in policing: A global search for the genetic code to inform policy and practice in Canada. *Journal of Community Safety & Well-Being, 2, 1-11.*

Goldsmith, A. (2005). Police reform and the problem of trust. *Theoretical Criminology, 4, 443–470.*

Jackson, J., & Bradford, B. (2010). What is trust and confidence in the police? *Policing: A journal of policy and practice, 4, 241-248.*

မောင်အောင်မျိုး (2009). *Building the Tatmadaw: Myanmar Arm Forces Since 1948.* Singapore, Singapore: Institute of Southeast Asian Studies.

Morris, C. S. (2011). *A cross-national study on public confidence in the police.* Unpublished doctoral dissertation, Northeastern University, Boston, MA.

Myanmar Police Force. (2014). *Speech of COP at Golden Jubilee Day of MPF.* Retrieved from http://myanmarpoliceforce.gov.mm/

Selth, A. (2013). Police reform in Burma (Myanmar): Aims, obstacles and outcomes. *Regional Outlook, 23, 1-44.*

Shoyode, A. (2018). Public trust in Nigerian police: A test of police accessibility effects. *Journal of Social Science Studies, 5, 1-16.*

Tyler, T. R. (2005). Policing in black and white: Ethnic group differences in trust and confidence in the police. *Police Quarterly, 8, 322-342.*

Tyler, T. R. (2014). Legitimacy and procedural justice: A new element of police leadership. *Newsletter of the Police Executive Research Forum, 28, 1-11.*

Tyler, T. R., & Fagan, J. (2008). Legitimacy and cooperation: Why do people help the police fight crime in their communities. *Ohio State Journal of Criminal Law, 6, 231–275.*

Wang, S. K., & Sun, I. Y. (2018). A comparative study of rural and urban residents' trust in police in Taiwan. *International Criminal Justice Review, 1-22.*

Worden, R. E., & McLean, S. J. (2017). *Mirage of police reform: Procedural justice and police legitimacy.* Oakland, CA: University of California.

Wu, Y., & Sun, I. Y. (2009). Citizen trust in police: The case of China. *Police Quarterly, 12, 170–191.*

# စာရေးသူများအကြောင်း

**သူရအောင်**သည် မွန်ပြည်နယ်မှဖြစ်ပြီး စီးပွားရေးအထူးပြုဘာသာရပ်ဖြင့် ဒဂုံတက္ကသိုလ်မှဘွဲ့ရရှိခဲ့ပါသည်။ ဘွဲ့ရရှိပြီးနောက်တွင် ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းတွင် မဟာတန်းတက်ရောက်ခဲ့ပြီး မြန်မာ့နိုင်ငံရေးနှင့်လူ့အဖွဲ့အစည်းလေ့လာမှုစင်တာ (CSMPS) တွင်လည်း နိုင်ငံရေးသိပ္ပံဘာသာရပ်ကို လေ့လာဆည်းပူးခဲ့ပါသည်။ သူရသည် ပြည်တွင်းရှိအစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုတွင် အလုပ်သင်အဖြစ် လုပ်ကိုင်ပြီးနောက် ငြိမ်းချမ်းရေး ခေါင်းဆောင်မှု နှင့် သုတေသနအင်စတီကျူ့နှင့်ချိတ်ဆက်ကာ ပညာသင်ယူခဲ့ပါသည်။ လက်ရှိတွင် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစင်တာ (International Growth Centre) တွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေး နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကြောင်း သုတေသနပြုစုလျက်ရှိပါသည်။

**ဝင်းဝင်းမေ**သည် ရန်ကုန်တိုင်းဒေသကြီးမှဖြစ်ပြီး နိုင်ငံတကာဆက်ဆံရေးအထူးပြုဘာသာရပ်ဖြင့် ရန်ကုန်တက္ကသိုလ်မှဘွဲ့ရရှိခဲ့ပါသည်။ တက္ကသိုလ်ပညာသင်ယူစဉ်ကာလတစ်လျှောက်တွင် ဝင်းဝင်းမေသည် အမေရိကန်ကုန်သည်ကြီးများအသင်း (American Chamber of Commerce) မှ ပေးအပ်သော ပညာသင်ဆုကိုလက်ခံရရှိခဲ့သည်။ သူမသည် ရန်ကုန်တက္ကသိုလ်နှင့် ဩစတေးလျအမျိုးသားတက္ကသိုလ်တို့ ပူးပေါင်းပြုလုပ်သည့် မူဝါဒသုတေသနစီမံကိန်းတစ်ခုတွင်လည်း ပါဝင်ခဲ့ပါသည်။ သူမသည် လူငယ်များအတွက် လူငယ်များ ဖောင်ဒေးရှင်း (Foundation for Change Myanmar) တွင် လူငယ်သင်တန်းနည်းပြတစ်ယောက်အနေဖြင့် ယောနယ်ရှိ လူငယ်စွမ်းအင်မြှင့်တင်ရေး သင်တန်းတွင် ပါဝင်ကူညီခဲ့ပါသည်။ ၂၀၁၅ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲအတွင်း ဝင်းဝင်းမေသည် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People’s Alliance for Credible Elections) တွင် ရွေးကောက်ပွဲစောင့်ကြည့်ရေးကိုအထူးပြုကာသင်တန်းလက်ထောက်အဖြစ် မကွေးတိုင်းဒေသကြီးတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ လက်ရှိအချိန်တွင် သူမသည် မြန်မာနိုင်ငံကိုယ်စားပြုလူငယ်အဖြစ် ပိုလန်နိုင်ငံတွင် လူငယ်ခေါင်းဆောင်များလေ့လာရေးအစီအစဉ် (Youth Leaders Exchange Program) တွင် ပါဝင်လျက်ရှိပါသည်။

ဤစာတမ်းတွင်ပါရှိသော အတွေးအမြင်များသည် FES ၊ PLRI နှင့်တကွ ယင်းတို့၏ အလှူရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ အတွေးအမြင်များမဟုတ်ပါ။

FES မှထုတ်ဝေထားသော စာအုပ်များကို FES ၏ စာဖြင့်ရေးသား ထားသော သဘောတူညီချက်မပါပဲ အမြတ်အစွန်းအတွက်စီးပွားဖြစ်ထုတ်ဝေခွင့်မပြုပါ။

**ပုံနှိပ်**
©၂၀၁၉ ခုနှစ် ဖရက်ဒရစ်အဲဘတ်ဖောင်ဒေးရှင်း (FES) မြန်မာရုံး
အမှတ် (၇၃၉)၊ စံပါယ်ရုံလမ်းသွယ် (၁)၊ ပါရမီ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

**တာဝန်ရှိပုဂ္ဂိုလ်**
အလက်ခ်စ်ဆေး ယူစုပေါ့ဗ် - ဌာနေကိုယ်စားလှယ်
ရုံးဖုန်း ၀၉ ၉၇၂ ၇၇၉ ၇၄၇
https://www.fes-myanmar.org
Friedrich-Ebert-Stiftung Myanmar Office

စာအုပ်မှာယူရန်
info-myanmar@fes.asia

**Izumi Idoia Zubia** – Cover illustrations
**Myriam Rueda** – Layout Design
**နော်ဝေနင်းကျော်** - ဘာသာပြန်ဆိုသူ
**နော်စာဘလု** - စာအထားအသိုဖတ်ရှုစစ်ဆေးသူ

**ငြိမ်းချမ်းရေးခေါင်းဆောင်မှုနှင့်သုတေသနအင်စတီကျူ့ အကြောင်း**

ငြိမ်းချမ်းရေးခေါင်းဆောင်မှုနှင့်သုတေသနအင်စတီကျူ့သည် သပြေပညာရေးဖောင်ဒေးရှင်းနှင့်ပူးပေါင်းပြီး ဖွဲ့စည်းထားသော အဆင့်မြင့်ပညာရပ်များကို သင်ကြားပေးနေသည့် သင်တန်းကျောင်းတစ်ခုဖြစ်ပါသည်။ သင်တန်းကျောင်းကို ၂၀၁၈ခုနှစ်တွင်စတင်ထူထောင်ခဲ့ပြီး တစ်နှစ်တာအချိန်ကြာမြင့်သော ငြိမ်းချမ်းရေးခေါင်းဆောင်မှု ဘွဲ့လွန်ဒီပလိုမာပေးအပ်ချီးမြှင့်သည်။ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးကိုဆောင်ရွက်ရာတွင် တာဝန်ယူမှုနှင့်တာဝန်ခံမှုကိုရှိသော ခေါင်းဆောင်မှုဆိုင်ရာနှင့် သက်သေအထောက်အထား (သို့) အချက်အလက်အခြေပြုသည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်အောင် ပြုစုပျိုးထောင်ပေးနေသော နေရာတစ်ခုလည်းဖြစ်ပါသည်။ ထိုသို့ပြုလုပ်နိုင်ရန် သင်တန်းကျောင်းသည် လူမှုရေးသိပ္ပံနှင့် ပတ်သက်ဆက်နွယ်သော သုတေသနပြုလုပ်ခြင်းဆိုင်ရာ အရည် အသွေးမြင့်သင်တန်းကို မြန်မာနိုင်ငံတဝှမ်းလုံးရှိ တက်ကြွပြီး အရည်အချင်းပြည့်ဝသောလူငယ်များကို လေ့ကျင့်သင်ကြားပေးပြီ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူငယ်များမျှော်မှန်းသော ခေါင်းဆောင်မှုကဏ္ဍတွင် ပါဝင်လာနိုင်ရန်ဖြစ်သည်။ ဤစာစောင်သည် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွင်း တက်ရောက်ခဲ့သည့် ဘွဲ့ရမောင်မယ်များမှ ပြုစုရေးသားခဲ့ပြီး ပညာရေးဆိုင်ရာဆောင်းပါးအဖြစ် ရွေးချယ်ခြင်းခံထားရသည့် အစီရင်ခံစာ ၆ ခုအနက်မှ တစ်ခုဖြစ်သည်။

**၂၀၁၈ -၂၀၁၉ PLRI ဘွဲ့ရမောင်မယ်များမှ ပြုစုရေးသားခဲ့သော အခြားစာတမ်းများ -**

- မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်ချမှတ်ခြင်း - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏သဘောထားအမြင်များ
- မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား တစ်ဆို့စေသည့်အကြောင်းရင်းများ
- ငြိမ်းချမ်းရေးအတွက်ပူးပေါင်းဆောင်ရွက်ခြင်း၏အားသာချက် - မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် လူငယ်များ၏ပါဝင်မှုကို မြှင့်တင်ခြင်း
- ဖယ်ကျဉ်ခံထားရာမှအလယ်ဗဟိုဆီသို့- ကရင်နီပြည်နယ်အတွင်းနေထိုင်သော တိုင်းရင်းသားလူနည်းစုများ၏ နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာ ဖယ်ကျဉ်ခံထားရသည့်အတွေ့အကြုံများ
- ဖုံးကွယ်ခံအမှန်တရားများ - ရခိုင်ပြည်နယ်မြောက်ပိုင်းမှလူနည်းစုအတွင်းရှိ လူနည်းစုများ၏ အကြမ်းဖက်အရေးအခင်းအတွင်း အတွေ့အကြုံများ

- သုတေသနအစီရင်ခံစာ ၆ စောင်အား ပေါင်းစုထားသည့် "မြန်မာ့ငြိမ်းချမ်းရေးကို ရှာဖွေခြင်း - ထိပ်ဆုံးအလွှာမှသည် အောက်ခြေ မြေပြင်အဆင့်၏ အတွေးအမြင်များကို ဆန်းစစ်လေ့လာခြင်း" ဟူသောစာစောင်ကိုလည်း ရယူဖတ်ရှုနိုင်ပါသည်။

Friedrich-Ebert-Stiftung (FES) (ဖရက်ဒရစ်အဲဘတ်ဖောင်ဒေးရှင်း) သည် ဂျာမနီနိုင်ငံတွင် သက်တမ်း အကြာရှည်ဆုံး နိုင်ငံရေးဖောင်ဒေးရှင်းဖြစ်ပြီး၁၉၂၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဂျာမနီ၏ပထမဦးဆုံး ဒီမိုကရေစီစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏အမည်ကို အစွဲပြု၍အမည်ပေးထားခြင်း ဖြစ်သည်။

FES မြန်မာရုံးကို ၂၀၁၄ခုနှစ်တွင် တရားဝင်တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ သို့သော် FES လုပ်ငန်းများမှာမူ ၂၀၁၂ခုနှစ်ကပင် စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ FES ၏ပြဋ္ဌါန်းလုပ်ဆောင်မှုနှင့်အညီ ဆိုရှယ်ဒီမိုကရေစီတန်ဖိုးများနှင့် အယူအဆများကို ဖော်ဆောင်ရန် FES မြန်မာရုံးသည် အများပါဝင်ဆောင်ရွက်နိုင်သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဖြစ်စေးရေးလုပ်ငန်း၊ လူမှုတရားမျှတမှု ပြည့်ဝသော လူ့ဘောင်အဖွဲ့အစည်းဖြစ်စေရေး အထောက်အကူပြုသောလုပ်ငန်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒ အခြေခံမှုများဖြစ်သော ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ပေးသော လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပါသည်။

www.fes-asia.org